# ရှာဖွေတွေ့ရှိသော ခေတ် (၁၄၉၂–၁၇၆၉)

ရှာဖွေတွေ့ရှိသော ခေတ်သည် ခရစ်တိုဖာ ကိုလန်ဘတ်စ် (၁၄၉၂) ၏ ရေကြောင်းခရီးမှ စတင်ခဲ့၍၊ ၎င်းသည် ဥရောပ ကိုလိုနီ မက်ရှင်းလှုပ်ရှားမှု၏ အမှတ်သညာလည်း ဖြစ်ပေသည်။

## ခရစ်ယာန်သာသနာပြု အဖွဲ့များ

### ကာသိုလစ် မက်ရှင်းများ

ရှာဖွေတွေ့ရှိသော ခေတ်အတွင်းတွင်၊ ရောမ ကာသိုလစ် အသင်းတော်သည် ကမ္ဘာသစ်ဆီသို့ ခရစ်ယာန် သာသနာအား ဖြန့်ချိရန်နှင့် တိုင်းရင်းမူလ လူမျိုးများအား ခရစ်ယာန် သာသနာအတွင်းသို့ ကူးပြောင်းစေရန် အတွက် သာသနာပြု မက်ရှင်းများစွာကို ထူထောင်ခဲ့ပေသည်။ တစ်ချိန်တည်းတွင်၊ ဖရန်စစ် ဇာဗီးယား ကဲ့သို့ သာသနာပြု မက်ရှင်းများ၊ အလားတူ အခြားသော ယေဇူးတ်၊ ဩဂတ်စတင်နီယန်း၊ ဖရန်စစ်စကင်နှင့် ဒိုမီနီကန် များမှာ အာရှဘက်နှင့် အရှေ့ဖျားဆီသို့ ရွေ့လျား လာခဲ့ပေသည်။ ပေါ်တူဂီများက အာဖရိကသို့ သာနာပြု မက်ရှင်းများ စေပို့ခဲ့ပေသည်။ ထိုသာသနာပြု မက်ရှင်းများမှ တစ်ချို့မှာ အင်ပါယာပြည့်ရှင်များနှင့် ပူးပေါင်း လျှက် အခြားသူများအား နှိပ်ကွပ်မှုများ ရှိခဲ့ပေသည်။ အခြားသော မက်ရှင်းများ (တရုတ်ပြည်သို့ သာသနာပြု သော မက်တီယို ရက်စီ၏ ယေဇူးတ်) များမှာ အင်ပါယာပြည့်ရှင်များ၏ ယဉ်ကျေးမှု သိမ်းသွင်းခြင်း (သာသနာ ပြု မှိုင်းတိုက်ခြင်းထက်) ငြိမ်းချမ်းစွာ ပူးပေါင်း ဆောင်ရွက်ခြင်းမျိုးဖြင့် ချည်းကပ်ခဲ့ပေသည်။

### ပရိုတက်စ်တင့် ကိုလိုနီချဲ့ခြင်း

ကမ္ဘာသစ်၌ ပရိုတက်စ်တင့်များ၏ အထင်ရှားဆုံး ကိုလိုနီချဲ့ခြင်းမှာ အင်္ဂလန် ပူရီတန်များ Puritans ၏ မြောက် အမေရိကသို့ ခြေဆန့်ခြင်းပင် ဖြစ်ပေသည်။ စပိန်၊ ပြင်သစ်တို့နှင့် မတူဘဲ၊ အင်္ဂလိပ် ကိုလိုနီများသည် ဒေသခံ လူမျိုးများအပေါ်သို့ အီဗင်ဂျလိုက် (သာသနာပြု) လုပ်ဆောင်ခြင်းမှာ အံ့ဩလောက်အောင် စိုက်အား ရှိခဲ့ပေ သည်။ ပူရီတန် သို့မဟုတ် ဘုရားဖူးများသည် ပူရီတန်ဝါဒအား လက်ခံသူများ ကိုယ်တိုင် ထူထောင်ပြီး အချုပ် အခြာပိုင် နယ်မြေတွင် နေထိုင်ရန် အင်္ဂလန်ကို စွန့်ခွာခဲ့ပေသည်။ ပူရီတန်များသည် အင်္ဂလန်မှ ထွက်ခွာခဲ့သည် မှာ သူတို့၏ ဘာသာရေး အယူအဆကြောင့် ဖိနှိပ်ချုပ်ချယ်ခံရမှုများကြောင့် ဖြစ်ပေသည်။ ပူရီတန်အများစုမှာ တိုင်းပြည်၏ မြေနိမ့်ပိုင်းတွင် အခြေချခဲ့ပြီး၊ ထိုနေရာတွင် လိင်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရား ပျက်ပြားမှုများကို တွေ့ရလျှက် အစိုးရအနေဖြင့် ဘာသာရေးအရ ကိုင်တွယ်ရန်ကို တုံ့နှေးနေခြင်းများကို လက်မခံနိုင်ခြင်းတို့ ကြောင့် သူတို့သည် သူတို့၏ အိမ်မက်အတိုင်း ပူရီတန်တို့၏ ကိုယ်ပိုင် ကမ္ဘာသစ်အား ထူထောင်ရန် ထွက်ခွာ လာ ခဲ့ခြင်း ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com